လက်မောင်း လုံးပတ် တိုင်းနည်း။

၁။ **တိုင်းသူ။** တိုင်းထွာခြင်းကို သင်၏မျက်လုံးများနှင့် တပြေးညီ အမြင့်တွင် ပြုလုပ်ပါ။ ဖြစ်နိုင် လျှင် ထိုင်လျက် အနေအထားတွင် ပြုလုပ်ပါ။ ငယ်လွန်းသော ကလေးများကို မိခင်က ပွေ့ချီ ထားနိုင်ပါသည်။ ကလေး၏ လက်ဝဲ လက်မောင်းကို ဖုံးကွယ်နေသည့် အဝတ်မှန်သမျှကို ဖယ်ပေး ချွတ်ပေးရန် မိခင်အား ပြောပါ။

၂။ **တိုင်းသူ။** လက်မောင်းလုံးပတ်တိုင်းရန် ရှေးဦးစွာ သင်၏လက်ညှိုးနှင့်လက်ခလယ်ကို အသုံး ပြု၍ ကလေး၏ **လက်ဝဲပခုံးဆစ်ထိပ်ကို** ရှာပါ။ (မြား-၁ နှင့် မြား-၂)။ **တံတောင်ဆစ် ကို ထောင့်မှန်ကျအောင်ကွေး၍** တံတောင်ဆစ်ထိပ်ကိုရှာပါ။ (မြား-၃)။ ပေကြိုး၏ထိပ်ဖျား (သုည အမှတ်အသားပြထားသည့်နေရာ) ကို ပခုံးဆစ်ထိပ်(မြား-၄)တွင်ထား၍ တံတောင်ဆစ် ထိပ် (မြား-၅)ထိ ဆန့်တန်းလိုက်ပါ။ တံတောင်ဆစ်ထိပ်တွင် ပေကြိုး၌ ပြနေသည့် အကွာ အဝေးတန်ဖိုးကို အနီးဆုံး စင်တီမီတာထိ ဖတ်ပါ။ ထိုတန်ဖိုးကို ၂ နှင့်စားပါ။ လက်မောင်း ၏ အလယ်မှတ်အကွာအဝေးကို သိနိုင်ပါသည်။ နောက်တစ်နည်း – ပခုံးထိပ်နှင့် တံတောင် ဆစ် ထိပ်ကြားရှိ ပေကြိုးအပိုင်းကို ၂-ခေါက် ခေါက်လိုက်ခြင်းဖြင့်လည်း အလယ်မှတ်ကို သိနိုင်ပါသည်။ အဝတ်ကြိုးစ တစ်စကို အသုံးပြု၍လည်း လက်မောင်း၏အလယ်မှတ်ကို ရှာနိုင် ပါသည်။ ထိုနောက် လက်မောင်း၏ အလယ်မှတ်ကို မင်ဖြင့် အမှတ်အသား ပြုလုပ်လိုက်ပါ။ (မြား-၆)

၃။ **တိုင်းသူ။ ကလေး၏လက်မောင်းကို ဆန့်တန်းလိုက်ပါ။** ပြီးမှ လုံးပတ်တိုင်း ကိရိယာ (တိပ်-tape) ကို လက်မောင်း၏ အလယ်မှတ်တွင် ရစ်ပတ်လိုက်ပါ။ တိပ်ကြိုးပေါ်ရှိ ဂဏန်းများ သည် ဖတ်၍ရသည့် (ပြောင်းပြန်ဖြစ်မနေသည့်) အနေအထားတွင် ရှိနေရန်နှင့် တိပ်ကြိုးသည် အပြားလိုက် ဖြစ်နေ (ခေါက်မနေ၊ လိမ်မနေ) ရန် အရေးကြီးပါသည်။ (မြား-၇)

၄။ **တိုင်းသူနှင့်ကူညီသူ။** ကလေး၏လက်မောင်းပေါ်ရှိ လုံးပတ်တိုင်းကိရိယာ (တိပ်-tape) ၏ အလျော့အတင်း အခြေအနေကို စစ်ဆေးပါ။ တိပ်ကြိုးသည် တင်းလွန်းခြင်း(မြား-၈) လျော့လွန်းခြင်း (မြား-၉)မရှိဘဲ အနေတော် (မြား-၇) ရှိပါစေ။ လိုအပ်လျှင် ပြီးခဲ့သည့် အဆင့်များကို ပြန်လည် ပြုလုပ်ပါ။

၅။ **ကူညီသူ။** မှတ်တမ်းတင်ရန် စာရွက်နှင့် ဘောလ်ပင် အဆင်သင့် ပြင်ဆင်ထားပါ။

၆။ **တိုင်းသူ။** လုံးပတ်တိုင်းကိရိယာ (တိပ်-tape) သည် ကလေး၏လက်မောင်းပေါ်တွင် မှန်ကန် သည့် နေရာ၊ မှန်ကန်သည့် အနေအထား (မြား-၁၀) တွင် ရှိနေပြီဆိုလျှင် တိုင်းသူသည် လက်မောင်းလုံးပတ် တန်ဖိုးကို အနီးဆုံး ၀ . ၁ စင်တီ မီတာထိ ဖတ်ပြီး ပီပီသသ ပြတ်ပြတ် သားသား ကြားလောက် အောင် အသံကျယ်ကျယ် ရွတ်ဆိုပါ။

၇။ **ကူညီသူ။** ကလေး၏ လက်မောင်းလုံးပတ်တန်ဖိုးကို **ချက်ချင်း** မှတ်တမ်းတင်ပြီး တိုင်းသူအား ပြပါ။

၈။ **တိုင်းသူ။** ကလေး၏ လက်မောင်းလုံးပတ်တန်ဖိုးကို ကူညီသူက မှတ်တမ်းတင်နေစဉ် လက် မောင်း လုံးပတ်တိုင်းကိရိယာ (တိပ်-tape) ကို လျှော့လိုက်ပါ။

၉။ **တိုင်းသူ။** မှတ်တမ်းတင်ထားသော လက်မောင်းလုံးပတ်တန်ဖိုးသည် မိမိ ဖတ်သည့်အတိုင်း ဟုတ်မဟုတ် မှန်မမှန်၊ ပီပီသသ ဖတ် ၍ ရမရ စစ်ဆေးပါ။ မမှန်လျှင် သို့မဟုတ် ပီပီသသ ဖတ်မရလျှင် ဖျက်ပစ်ပြီး အသစ် ပြန်ရေးပါစေ။ မဖျက်ဘဲ အပေါ်မှ ထပ် မရေးပါစေနှင့်။

၁၀။ **တိုင်းသူ။** ကလေး၏ လက်မောင်းလုံးပတ်တိုင်း ကိရိယာ (တိပ်ကြိုး)ကို ဖြုတ်ပါ။